# Coronavirus Disease 2019(COVID-19)
# ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍
# စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်
# (Version 2.0)

**Updated as of (30-3-2020)**

## (က) အလုပ်ရှင်များ အနေဖြင့်

၁။ အလုပ်သမားများ အောက်ပါအချက်များအနက် တစ်ခုခုနှင့်ကိုက်ညီနေပါက အလုပ်ခွင်သို့ မလာရောက်စေရန် ကြီးကြပ်ပေးရပါမည်-

- ဖျားခြင်း(အပူချိန် ၃၈˚ C / ၁၀၀.၄˚ F နှင့်အထက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့် အားအင်ကုန်ခန်းခြင်းစသည့် သံသယဖြစ်ဖွယ်လက္ခဏာများ ခံစား နေရခြင်း၊
- ကိုယ်ဝန်ဆောင်မိခင်ဖြစ်ခြင်း၊
- (COVID-19)ရောဂါ သံသယရှိသူနှင့် တစ်အိမ်ထဲအတူတကွနေထိုင်ခြင်း၊

၂။ အလုပ်သမားများအား အလုပ်တက်/ဆင်း ပြုလုပ်ရန်အတွက် ဝန်ထမ်းကြို/ပို့ယာဉ်များကို စီစဉ်ဆောင်ရွက်ပေးပါ။ အဆိုပါဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် လက်သန့်စင်ဆေးရည်၊ တစ်ခါသုံးတစ်ရှူး၊ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask)များ ထားရှိပေးပါ။ လမ်းခရီးတွင် ကျန်းမာရေးအသိပညာပေးအချက်အလက်များအား ရုပ်/သံပြသခြင်း (သို့မဟုတ်) အသံဖိုင်ဖြင့် ပြောကြားပေးခြင်းများ ဆောင်ရွက်ပေးပါ။

၃။ လုပ်ငန်းခွင် ဝင်/ထွက်ပေါက်များတွင်

- အလုပ်တက်/ဆင်းချိန်များ၌ လူစုလူဝေးမဖြစ်စေရန် အလုပ်ဌာနအလိုက် အလုပ်တက်/ ဆင်းချိန် ခွဲခြားသတ်မှတ်ပေးပါ။
- ကိုယ်အပူချိန် တိုင်းတာသည့်စက်များ (Non Touch Thermometer) (သို့မဟုတ်) (Thermal Scanner)တပ်ဆင်ပေးပြီး ဝန်ထမ်းများအားလုံး ကိုယ်အပူချိန် တိုင်းတာပြီးမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ခွင့်ပြုပါ။ ထိုသို့ တိုင်းတာရာတွင် ကိုယ်အပူချိန် ၃၈˚ C/၁၀၀.၄˚ F ထက်များနေပါက လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်း မပြုစေဘဲ အနားပေးပါရန်။
- အလုပ်တက်/ဆင်းသည့် ဝင်ပေါက်/ထွက်ပေါက်များတွင် လူစုလူဝေး မဖြစ်စေရန် တစ်ဦး နှင့် တစ်ဦး (၃)ပေအကွာမှ ခွာ၍ အဝင်အထွက် ပြုလုပ်နိုင်ရန် စီစဉ်ပေးပါ။ ထိုသို့ ဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း ကြိုတင်အကြောင်းကြားထားပေးပါ။

- အလုပ်သမားများ အလုပ်တက်ရောက်ခြင်း ရှိ/မရှိ ဆန်းစစ်ရာ၌ ဝင်ပေါက်နေရာတွင် ကြီးကြပ်ရေးမှူးများအား တာဝန်ချထားပြီး ကြီးကြပ်ဆောင်ရွက်ပါ (စာရွက်ပေါ်တွင် စုရုံးလက်မှတ်ထိုးခြင်း၊ Fingerprint scanners ဖြင့် ရုံးတက်/မတက် ဆန်းစစ်ခြင်းတို့ကို ရှောင်ကြဉ်ပါရန်)။
- ကုန်တင်ကုန်ချ ပြုလုပ်မည့်ကားများအတွက် ယာဉ်မောင်းများအားလည်း ယာဉ်ပေါ်၌သာနေစေပြီး ကုန်တင်ကုန်ချ ပြုလုပ်မည့်လုပ်သားများနှင့် အနီးကပ်နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါရန်၊ ကုန်တင်ကုန်ချ မပြုလုပ်မီ၊ ပြုလုပ်ဆဲနှင့် ပြုလုပ်ပြီးကာလများတွင် လုပ်သားများအနေဖြင့် လက်ကိုမကြာခဏစနစ်တကျဆေးရန် ပြောကြားပေးပါ။
- လက်ဆေးမည့်နေရာများကို လုံလောက်စွာစီစဉ်ဆောင်ရွက်ပေးပါ။

၄။ လက်ဆေးသည့် နေရာတိုင်းတွင်

- လုပ်သားများအား အလုပ်စတင်ဝင်ချိန်၊ အလုပ်မှထွက်ခွာချိန်များတွင် လက်ဆေးစေရန် ကြီးကြပ်ဆောင်ရွက်ပါ။
- မိမိတို့၏ဝန်ထမ်းများ စနစ်တကျလက်ဆေးမှုကို အထောက်အကူပြုစေရန် လိုအပ်သော ထောက်ပံ့မှုများ (ဆပ်ပြာ၊ ရေ၊ လက်သန့်စင်ဆေးရည် စသည်) တို့ကို အလုံအလောက် ရရှိစေရေး ဆောင်ရွက်ပေးပါ။
- ဝန်ထမ်းများ လက်ဆေးရာ နေရာတိုင်းတွင် စနစ်တကျလက်ဆေးနည်းပိုစတာများကို ကပ်ထားပေးပြီး စနစ်တကျလက်ဆေးခြင်း ရှိ/မရှိ ကြီးကြပ်ဆောင်ရွက်ပါ။
- လက်ဆေးပြီး လက်အခြောက်ခံရန်အတွက် လိုအပ်သောပစ္စည်းများ (ဥပမာ–တစ်ရှူးစက္ကူများ) ထားရှိပေးပါ။

၅။ အိမ်သာအသုံးပြုခြင်းကိစ္စရပ်များတွင်

- အိမ်သာအသုံးပြုရန်အတွက် အလုပ်သမား အများအပြား စောင့်ဆိုင်းရခြင်း မရှိစေရန် စီစဉ်ဆောင်ရွက်ပါ။
- အိမ်သာတံခါး၊ လက်ကိုင်၊ ရေဆွဲချသော လက်ကိုင်များ/ခလုတ်များကို မကြာခဏ သန့်ရှင်းရေး ပြုလုပ်ရန် ကြပ်မတ်ဆောင်ရွက်ပါ။
- အိမ်သာထဲတွင် အမှိုက်ပုံးများကို အလုံအလောက် ထားရှိရန်နှင့် မကြာခဏ သိမ်းဆည်းခြင်းနှင့် စနစ်တကျစွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပါ။ ရေဆိုးစွန့်ထုတ်ခြင်းစနစ်နှင့် မိလ္လာစနစ်တွင် ယိုစိမ့်မှုများ မရှိစေရေးဆောင်ရွက်ပါ။

၆။ ထမင်းစားခန်းနှင့် နားနေခန်းများတွင်

- အလုပ်သမား တစ်ဦးနှင့်တစ်ဦး (၃)ပေအကွာ ခွာ၍ အနားယူစားသောက်နိုင်ရန်

စီစဉ်ဆောင်ရွက်ပါ။

- ထမင်းစားခန်း၊ နားနေခန်းသို့ မဝင်မီနှင့် အစားအစာ မစားသောက်မီ အလုပ်သမားများအား လက်ကို ဆပ်ပြာ (သို့မဟုတ်) Hand Sanitizer များဖြင့်ဆေးရန် ကြီးကြပ်ဆောင်ရွက်ပါ။
- ထမင်းစားခန်းရှိ စားပွဲမျက်နှာပြင်များ၊ လူအများထိတွေ့ရာနေရာများကို ဆပ်ပြာနှင့်ရေ (သို့မဟုတ်) အရက်ပြန် (Alcohol) ၇၀% ပါဝင်သော သန့်စင်ဆေးရည်ဖြင့် စနစ်တကျ ဆေးကြောသန့်စင်ပါ။
- ထမင်းစားခန်းမှ အထွက်တွင် လက်ကိုဆေးကြောသန့်စင်စေရေး ကြီးကြပ်ဆောင်ရွက် ပေးပါ။

၇။ နီးကပ်စွာ အလုပ်လုပ်ခြင်းမှ ရှောင်ကြဉ်နိုင်ရန်အတွက်

- တစ်ဦးနှင့်တစ်ဦး (၃)ပေအကွာ ခွာ၍ အလုပ်လုပ်နိုင်ရန်နှင့် လုပ်ငန်းခွင်အတွင်း လူစု လူဝေးဖြင့် အလုပ်လုပ်ကိုင်ခြင်းမှ ရှောင်ကြဉ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးပါ။
- တစ်ခါသုံး တစ်ကိုယ်ရည်သုံး အကာအကွယ်ပစ္စည်းများကို အသုံးပြုပြီးပါက စနစ်တကျ စွန့်ပစ်ပါ။ တစ်ခါသုံး မဟုတ်သော တစ်ကိုယ်ရည်သုံး အကာအကွယ်ပစ္စည်းများကို အသုံးပြုပြီးပါက သန့်ရှင်းရေးပြုလုပ်ရန်နှင့် အလုပ်သမားအချင်းချင်း မျှဝေအသုံးပြုခြင်း မရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးပါ။
- တတ်နိုင်သမျှ ဓာတ်လှေကား အသုံးပြုခြင်းကို ရှောင်ကြဉ်၍ ရိုးရိုးလှေကားမှသာ အဆင်းအတက် ပြုလုပ်ရန်နှင့် ဓာတ်လှေကားဖြင့် မဖြစ်မနေ အဆင်းအတက် ပြုလုပ်ရမည်ဆိုပါက (၄)ယောက်ထက်ပို၍ မျက်နှာချင်းဆိုင် မစီးစေရန် ကြပ်မတ်ပေးပါ။
- လုပ်ငန်းခွင်များကို တတ်နိုင်သမျှ လေဝင်လေထွက် ကောင်းမွန်အောင် စီစဉ်ပေးပါ။ ပြတင်းပေါက်များ ဖွင့်ထားပေးပါ။

၈။ အစည်းအဝေးများ/ ပညာပေးလုပ်ငန်းများ ပြုလုပ်ရာတွင်

- လူစုလူဝေးဖြင့် အစည်းအဝေးများ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်နှင့် မဖြစ်မနေ ပြုလုပ်ရမည်ဆိုပါက တက်ရောက်သူများအား အနည်းဆုံး(၃)ပေအကွာခွာ၍ နေရာချထားပြီး လေဝင်လေထွက်ကောင်းသောနေရာများတွင်သာ ပြုလုပ်ပါ။
- စက်ရုံအလုပ်ရုံများတွင် လူစုလူဝေးပြုလုပ်၍ ကျန်းမာရေးအသိပညာပေးခြင်းကို မပြုလုပ်ရန်နှင့် ပိုစတာ၊ လက်ကမ်းစာစောင်များကို သက်ဆိုင်ရာလုပ်ငန်းခွင် အလိုက်ဖြန့်ဝေပေးခြင်းဖြင့်သော်လည်းကောင်း၊ အသံဖိုင်များအသုံးပြု၍ သက်ဆိုင်ရာ

လုပ်ငန်းခွင်အလိုက်နားဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့်သော်လည်းကောင်း၊ ဝန်ထမ်းများအချင်းချင်း (သို့မဟုတ်) ဝန်ထမ်းအုပ်စုငယ်များအကြား ကျန်းမာရေး အသိပညာ မျှဝေခြင်းကို ဆောင်ရွက်ပေးပါ။

- ○ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အသိပေးချက်များ၊ သတိပေးချက်များနှင့် လမ်းညွှန်ချက်များကို အသုံးပြု၍ လိုက်နာဆောင်ရွက်စေရေး အသိပေး ပြောကြားပါ။
- ○ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက် စာမျက်နှာ (သို့မဟုတ်) Facebook Page, (www.mohs.gov.mm နှင့် www.facebook.com/MinistryOfHealthAndSportsMyanmar) တို့တွင် ဝင်ရောက် ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ QR code scanning မှတစ်ဆင့် ဝင်ရောက် ကြည့်ရှုခြင်းဖြင့်လည်းကောင်း သိရှိနိုင်ပါသည်။ ၎င်းစာမျက်နှာများတွင် အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ထားရှိ သောသတင်းမှန်များနှင့် ဆောင်ရွက်ချက်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန် ချက်များနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ COVID-19 ကာကွယ်ရေး အသံလွှင့်ပြောကြားချက်အသံဖိုင်များ၊ ကျန်းမာရေးပညာပေးရေဒီယို အသံလွှင့်ချက်များနှင့် သီချင်းများ၊ ပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask) အသုံးပြုခြင်း ဆိုင်ရာအကြံပြုချက်များကို ကြည့်ရှုကိုးကား အသုံးပြုပါ။
- ○ ဝန်ထမ်းများအကြား ကောလာဟလသတင်းအမှားများ ပျံ့နှံ့မှု မရှိစေရေး ကြီးကြပ် ဆောင်ရွက်ပေးပါ။

၉။ သန့်ရှင်းရေး ပြုလုပ်ခြင်းကိစ္စရပ်များတွင်

- အလုပ်သမားများ နေ့စဉ်အသုံးပြုသော ပစ္စည်းကိရိယာများကို 70% ethanol ဖြင့် သန့်ရှင်းရေး မကြာခဏပြုလုပ်ရန် ကြီးကြပ်ရပါမည်။ ဥပမာ-
    - ○ အလုပ်သမားများ အသုံးပြုသော စားပွဲအစရှိသည့် အသုံးဆောင်ပစ္စည်းများ၊
    - ○ ရေပိုက်ခေါင်းများနှင့်ဆေးကြောသန့်စင်ရာတွင် အသုံးပြုသောပစ္စည်းများ၊
    - ○ အိမ်သာရေဆွဲ ခလုတ်များ၊ အိမ်သာထိုင်ခုံများ၊
    - ○ တံခါးလက်ကိုင်များ၊ လှေကားလက်ရန်းများ၊ ဝရံတာများ၊
    - ○ စက်လှေကားလက်ရန်းများနှင့် ဓာတ်လှေကား ခလုတ်များ၊
    - ○ လုပ်ငန်းသုံး စက်ပစ္စည်းများ၊ ကိရိယာများ၊

- ကွန်ပြူတာနှင့်ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူးစက်များ အစရှိသော ရုံးသုံးပစ္စည်းများ၊

- ကြမ်းခင်းနေရာများကို 0.5% Sodium Hypochlorite Solution (သို့မဟုတ်) 1% Chlorine Solution ဖြင့် အနည်းဆုံး တစ်နေ့(၁)ကြိမ် သန့်ရှင်းရေး ပြုလုပ်စေရပါမည်။
- အမှိုက်သိမ်းဆည်းမှုများကို မကြာခဏပြုလုပ်ပြီး နေ့စဉ်ပုံမှန်စနစ်တကျ စွန့်ပစ်ရန် ဆောင်ရွက်ရပါမည်။

## (ခ) ဝန်ထမ်းများ အနေဖြင့်

- ရေနှင့်ဆပ်ပြာအသုံးပြု၍ မကြာခဏ စနစ်တကျလက်ဆေးပါ။ လက်မဆေးဘဲ မျက်စိ၊ နှာခေါင်းနှင့်ပါးစပ်တို့ကို မကိုင်တွယ်ပါနှင့်။ တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ပါ။ အာဟာရပြည့်ဝစွာ စားသုံးပြီး ကောင်းစွာအိပ်စက်အနားယူပါ။
- မိမိလုပ်ငန်းခွင်နှင့် နေအိမ်/အဆောင်တို့မှအပ လူထူထပ်သောနေရာများသို့ သွားရောက်ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- ဖျားခြင်း(အပူချိန် ၃၈˚ C / ၁၀၀.၄˚ F နှင့်အထက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်းနှင့် အားအင်ကုန်ခမ်းခြင်းစသည့် သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားရပါက လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုဘဲ လူအများနှင့် ထိတွေ့မှုကိုလည်း တတ်နိုင်သမျှ ရှောင်ကြဉ်ပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ ဖုန်းဖြင့် ကြိုတင်အကြောင်းကြားပြီး အမြန်ဆုံး ကုသမှုခံယူပါ။
- ဝန်ထမ်းများအကြား သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများကို သတိထားစောင့်ကြည့်ရန်နှင့် တွေ့ရှိပါက ကြီးကြပ်သူမှတစ်ဆင့် တာဝန်ရှိသူအဆင့်ဆင့်သို့ ချက်ချင်းသတင်းပို့ပါ။
- တတ်နိုင်သမျှ ဝန်ထမ်းကြိုပို့ယာဉ်များနှင့် အလုပ်တက်/ဆင်း ပြုလုပ်ရန်နှင့် အများသုံးယာဉ်များအား အသုံးမပြုပါနှင့်။
- နားနေဆောင် (သို့မဟုတ်) နေအိမ်သို့ ပြန်လည်ရောက်ရှိပါက လုပ်ငန်းခွင်အတွင်း ဝတ်ဆင်ထားသော အဝတ်အစားများကို ချက်ချင်းလျှော်ဖွပ်ပြီး ရေချိုးပါ။

## (ဂ) ဝန်ထမ်းကြီးကြပ်ရေးမှူးများ အနေဖြင့်

- မိမိဌာနရှိ ဝန်ထမ်းများ စနစ်တကျ လက်ဆေးတတ်စေရေး သရုပ်ပြသင်ကြား ကြီးကြပ်ပေးပါ။

- လုပ်ငန်းခွင်၏ ဝင်ပေါက်/ထွက်ပေါက်များတွင် ကိုယ်အပူချိန် တိုင်းတာသည့်စက်များ အသုံးပြု၍ ဝန်ထမ်းများလုပ်ငန်းခွင် မဝင်မီ ဖျားနာခြင်းရှိ/မရှိ စောင့်ကြည့်စစ်ဆေးပြီး သတ်မှတ်အပူချိန်ထက် မြင့်မားနေသူများကို လုပ်ငန်းခွင်သို့ ဝင်ရောက်စေခြင်း မပြုဘဲ ဆေးကုသမှု ခံယူနိုင်ရေး ဆောင်ရွက်ပေးပါ။
- မိမိဌာနမှ ဝန်ထမ်းများအကြား ဖျားနာခြင်းနှင့် သံသယဖြစ်ဖွယ် လက္ခဏာများ ရှိ/မရှိ အမြဲမပြတ် စောင့်ကြည့်၍ သံသယလူနာ တွေ့ရှိပါက အနီးဆုံးကျန်းမာရေးဌာနသို့ ကြိုတင်ဖုန်းဆက်အကြောင်းကြား၍ ပို့ဆောင်ပေးပါ။
- လုပ်ငန်းခွင်သို့ ဧည့်သည်များ မလိုအပ်ဘဲ လာရောက်ခြင်းမရှိစေရန် ကြပ်မတ် ဆောင်ရွက်ပေးပါ။

ဆောက်လုပ်ရေးလုပ်ငန်းခွင်များအနေဖြင့် အထက်ဖော်ပြပါအချက်အလက်များအပြင် အောက်ပါ အချက်များကိုလည်း ဆောင်ရွက်ရပါမည်-

- အလုပ်ခွင်တစ်ခုထဲတွင် ဝန်ထမ်းဦးရေ(၅၀)မကျော်အောင် စီစဉ်ဆောင်ရွက်သင့်ပါသည်။
- နေ့စဉ်လုပ်ငန်းခွင်သို့လာရောက်သော အလုပ်သမားအရေအတွက်ကိုနေ့စဉ်မှတ်တမ်းတင်ထားရပါမည်။

## (ဃ) လုပ်ငန်းခွင်အတွင်း မဝင်ရောက်မီနှင့် လုပ်ငန်းခွင်အတွင်း လိုက်နာဆောင်ရွက်ရမည့် အချက်များ




- အပူချိန် ၃၈˙C / ၁၀၀.၄˙F ကျော်သော ဝန်ထမ်းများကို လုပ်ငန်းခွင်အတွင်းဝင်ရောက်စေခြင်းမပြုဘဲ အနီးဆုံးကျန်းမာရေးဌာနသို့ ပို့ဆောင်ရန်၊
- စနစ်တကျ လက်ဆေးပြီးမှသာ အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်ရန်၊
- လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများတစ်ဦးနှင့်တစ်ဦး (၃)ပေအကွာ အလုပ်လုပ်ကိုင်ရန်နှင့် လူစုလူဝေးဖြင့် အလုပ်လုပ်ကိုင်ခြင်းမှ ရှောင်ကြဉ်ရန်၊
- လုပ်ငန်းခွင်အတွင်း လက်ဆေးရန်နေရာများနှင့်လက်သန့်ဆေးရည် (Hand Sanitizer)များ အလုံအလောက် ရှိစေရေးဆောင်ရွက်ထားရှိရန်၊
- လုပ်ငန်းခွင်၏ကြမ်းပြင်များကို ၁%ကလိုရင်းဆေးရည် အသုံးပြု၍ နေ့စဉ် သန့်ရှင်းရေး ပြုလုပ်ရန်
- မိမိလုပ်ငန်းခွင်နှင့် နေအိမ်/အဆောင်တို့မှအပ လူထူထပ်သော နေရာများသို့ သွားရောက်ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန်။

လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲနှင့်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အသေးစိတ် သိရှိလိုပါက
၎င်း QR Code ကို Scan ဖတ်ပါ။